
# ACC Against COVID-19




## အစီအစဉ် ( ၁၀၅ )

## “အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် လူ့အခွင့်အရေး အပိုင်း (၂)”

တင်ပြသူ
ဦးကျော်စွာ
လူ့အခွင့်အရေးကော်မရှင်



25.12.2020



နိုင်ငံတစ်နိုင်ငံချင်းစီအလိုက်
လူ့အခွင့်အရေးဆိုင်ရာ ကတိကဝတ်များအရ
ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများ
အမျိုးမျိုးရှိနေပါသည်။
အဂတိလိုက်စားမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့်
လူ့အခွင့်အရေး ချိုးဖောက်မှုများကို
နိုင်ငံများအလိုက် ဆောင်ရွက်ရမည့်
တာဝန်များနှင့်အညီ ဖြေရှင်းဆောင်ရွက်
ပေးကြရန် လိုအပ်ပါသည်။

ဖြေရှင်းဆောင်ရွက်ရန်အတွက်
ဖြစ်နိုင်ခြေရှိသည့် လူ့အခွင့်အရေး
ချိုးဖောက်ခံရမှု
အခြေအနေများကို
လေ့လာကြည့်ရာတွင် လူတစ်ဦးချင်း၊
လူအုပ်စုလိုက်နှင့်
လူ့အဖွဲ့အစည်းတစ်ရပ်လုံးအထိပါ
အဂတိလိုက်စားမှု၏
ဆိုးကျိုးသက်ရောက်မှုများ
ရှိနေသည်ကို တွေ့ရှိရပါသည် ။



အဂတိလိုက်စားမှုသည် တစ်သီးပုဂ္ဂလ လူသားတစ်ဦးချင်းစီအပေါ် ဆိုးကျိုးသက်ရောက်စေနိုင်ခြင်း၊ အဂတိလိုက်စားမှုကြောင့် လူတစ်ဦး အပေါ် တိုက်ရိုက်ထိခိုက်စေပြီး လူ့အခွင့်အရေးချိုးဖောက်မှုကို တိုက်ရိုက် ခံစားရခြင်း၊ အဂတိလိုက်စားမှုဖြစ်ပွားသည့် အခြေအနေပေါ်မူတည်၍ အမျိုးမျိုးသော လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို ကျယ်ကျယ်ပြန့်ပြန့် ဖြစ်စေနိုင်ပါသည်။



အဂတိလိုက်စားမှုကြောင့် ပြည်သူ့ဝန်ဆောင်မှုများကို တန်းတူရည်တူမရရှိနိုင်ဘဲ ခွဲခြားဆက်ဆံမှုများကို မကြာခဏ ကြုံတွေ့ကြရပါသည်။ လူတစ်ဦးချင်းအပေါ် ထိခိုက်မှုဟုဆိုရာတွင် သွယ်ဝိုက်ထိခိုက်ခံစားရခြင်းမျိုးလည်း ပါဝင်ပါသည်။ ဥပမာ လုပ်ပိုင်ခွင့်အာဏာရှိသည့် ပုဂ္ဂိုလ်များမှ လာဘ်ငွေရယူလျက် သစ်တောများကို တရားမဝင် ခုတ်ထွင်ရှင်းလင်းခွင့် ပြုခြင်းကြောင့် ဒေသခံများ၏ အစားအစာ၊ အိုးအိမ်နှင့် ကျန်းမာရေးဆိုင်ရာ အခွင့်အရေးများကို ထိခိုက်ဆုံးရှုံးနစ်နာစေနိုင်ခြင်းမျိုး ဖြစ်သည်။



အဂတိလိုက်စားမှုကြောင့် လူ့အသိုက်အဝန်း၊ လူအုပ်စုတစ်စုချင်းစီ အပေါ်ထိခိုက်နစ်နာစေခြင်းဖြစ်သည်။ လူတစ်ဦးချင်းစီအပေါ် ထိခိုက်စေသည် သာမက အဆိုပါလူတစ်ဦးချင်းစီ ပါဝင်ဖွဲ့စည်းထားသည့် လူ့အသိုက်အဝန်းနှင့် လူအုပ်စုအပေါ်တွင်ပါ ထိခိုက်နစ်နာမှု ဖြစ်စေပါသည်။ အဂတိလိုက်စားမှုက ဆင်းရဲနွမ်းပါးသူများကို ဘေးဖယ်ထုတ်လိုက်ခြင်းဖြစ်သည်။

ဥပမာ-ဆင်းရဲနွမ်းပါးသူများ အနေဖြင့် အုပ်ချုပ်ရေး အာဏာပိုင်များက ပေးအပ်သည့် ကုန်စည်နှင့်ဝန်ဆောင်မှုများရနိုင်ခွင့်ကို အဂတိလိုက်စားမှုဖြစ်စဉ်များက ပိတ်ပင်တားဆီးထားခြင်းဖြစ်သည်။



လူသားအားလုံး မှန်ကန်မျှတသည့်
တရားစီရင်ရေး ရရှိခံစားခွင့် ရှိရမည်
ဖြစ်သော်လည်း အဂတိလိုက်စားမှုများ
လွှမ်းမိုးကြီးစိုးနေသည့်
တရားစီရင်ရေးစနစ်ရှိပါက
ဆင်းရဲနွမ်းပါးသူများအား
မှန်ကန်မျှတသည့် တရားစီရင်မှုကို
လက်လှမ်းမမီနိုင်အောင်
ဖန်တီးထားသည်ကို တွေ့ရမည်
ဖြစ်ပေသည်။ ထို့ကြောင့် “ငွေများ
တရားနိုင်” ဟူသည့် ဆိုရိုးစကားပင်
ပေါ်ပေါက်လာရတော့သည်။



အဂတိလိုက်စားမှုများကြောင့် လူ့အသိုက်အဝန်းတွင် လူတိုင်းရရှိခံစားထိုက်သည့် ရပိုင်ခွင့်များကို မရရှိဘဲ၊ ဘေးဖယ်ထုတ်ခံထားရသည့် လူအုပ်စုများမှာ အမျိုးသမီးများ၊ ကလေးသူငယ်များ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများနှင့် လူနည်းစုတိုင်းရင်းသားအုပ်စုများ ပါဝင်နေသည်ကို တွေ့ရှိရမည်ဖြစ်သည်။ အဆိုပါအုပ်စုများတွင် ပါဝင်သူများမှာ ဆင်းရဲနွမ်းပါးသူများဖြစ်ပြီး တစ်ပူပေါ်နှစ်ပူဆင့်ဆိုသလို အဂတိလိုက်စားမှု၏ ဖိစီးနှိပ်စက်မှုဒဏ်ကို ပို၍ပင်ခံစားရတော့သည်။ ညှင်းပန်းနှိပ်စက်မှုများနှင့် အခြားသော လူမဆန်စွာ ပြုမူဆက်ဆံခံရမှုများကိုလည်း ကြုံတွေ့ရနိုင်ပါသည်။



အဂတိလိုက်စားမှုကြောင့် ဘဏ္ဍာရေးနှင့် စီးပွားရေးဆိုင်ရာ အရင်းအမြစ်များ ထိခိုက်ဆုံးရှုံးရနိုင်ပါသည်။ အဂတိလိုက်စားမှု အမှုအကျင့်များကြောင့် ဖွံ့ဖြိုးရေးဆောင်ရွက်မည့် ဘဏ္ဍာငွေများလည်း လျော့ပါးသွားနိုင်ပါသည်။ ထို့ကြောင့် ဘဏ္ဍာငွေခွဲဝေချထားပေးရာတွင် လုံလောက်မှုမရှိနိုင်တော့ဘဲ ခုခံနိုင်စွမ်းနည်းပါးသူများအတွက် လူ့အခွင့်အရေးဆောင်ရွက်ရာ၌ ထိထိရောက်ရောက် လုပ်ဆောင်နိုင်မှုကို ကျဆင်းစေမည်ဖြစ်သည်။



အဂတိလိုက်စားမှုကြောင့် စီးပွားရေး၊ လူမှုရေး
နှင့် ယဉ်ကျေးမှုဆိုင်ရာအခွင့်အလမ်းများ
ဆုတ်ယုတ်သွားစေခြင်း၊ ရည်ရွယ်ထားသည့်
အရင်းအမြစ်များ လျော့ပါးသွားစေနိုင်ခြင်း နှင့်
နိုင်ငံတော်၏ လုပ်ငန်းစဉ်များကိုလည်း
အနှောင့်အယှက်ပြုရာ ရောက်နိုင်ပါသည်။
ထို့ပြင် ဆင်းရဲနွမ်းပါးမှုလျော့ကျရေးနှင့်
ရေရှည်တည်တံ့ခိုင်မြဲသည့် စဉ်ဆက်မပြတ်
ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ
ဆောင်ရွက်ရာတွင်လည်း လွဲချော်သွားစေမည်
ဖြစ်ပါသည်။









နိုင်ငံတစ်နိုင်ငံ၏ နယ်ပယ်အသီးသီးရှိ အခွင့်အာဏာရှိသည့် ပုဂ္ဂိုလ်များကြားတွင် အဂတိလိုက်စားမှုများ ကျယ်ကျယ်ပြန့်ပြန့်ပျံ့နှံ့ဝင်ရောက်နေပါက အစိုးရအပေါ် ပြည်သူများ၏ယုံကြည်ချက် ကျဆင်းလာမည်ဖြစ်သည်။ နောက်ဆုံးတွင် ဒီမိုကရေစီနည်းကျ အစီအစဉ်များနှင့် တရားဥပဒေစိုးမိုးရေးကိုပါ ထိခိုက်စေနိုင်မည် ဖြစ်သည်။ ဒီမိုကရေစီနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေခြင်းက ယင်းလူ့အဖွဲ့အစည်းအတွင်းရှိ လူသားတစ်ဦးချင်းစီအနေဖြင့် လူ့အခွင့်အရေးမွေ့ပျော် ခံစားနိုင်ခွင့်ကို ဆုံးရှုံးစေလိမ့် မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အများပြည်သူဆိုင်ရာဖြောင့်မတ်တည်ကြည်မှုရှုထောင့်မှ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် ပတ်သက်သည့် အသိပညာပေးကဏ္ဍ၏ အထူးအစီအစဉ်အနေနှင့် “ ACC Against COVID–19” ခေါင်းစဉ်ဖြင့် ACC Facebook Page တွင် နယ်ပယ်အသီးသီးမှ ပညာရှင်များရေးသားထားသောဆောင်းပါးများကို တင်ပြလျက်ရှိပါကြောင်းနှင့် ဆောင်းပါးပါအကြောင်းအရာများသည် စာရေးသူများ၏ အာဘော်များသာဖြစ်ပြီး မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ယူဆချက်များ၊ အာဘော်များကို ကိုယ်စားပြုခြင်းမရှိပါကြောင်း ဖော်ပြအပ်ပါသည်။

A special program “ ACC Against COVID–19” is arranged on ACC Facebook Page where articles of eminent persons from various fields are collected and posted as awareness in preventing corruption from the view of public integrity. The opinions in those articles are only of theirs alone and do not necessarily reflect the opinions of ACC Myanmar.